ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ

သတင်းလွှာ(၈ / ၂၀၂၂)

ရက်စွဲ ၊ ၂၀၂၂ ခုနှစ် ၊ ဇူလိုင်လ ၂၇ ရက်

အကြောင်းအရာ။ **ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အတွက် တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်နိုင်သော အခြေအနေများကို ထုတ်ပြန်ထားသည့် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ၂/၂၀၂၀ ကို ပယ်ဖျက်ခြင်း**

၁။ နိုင်ငံခြားကုမ္ပဏီများနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား အမိန့်ကြော်ငြာစာအမှတ် ၂၄/ ၂၀၁၉ ဖြင့် ပြည်ပသို့တင်ပို့ခွင့်ပြုခဲ့သည့် ကုန်ပစ္စည်းအုပ်စု(၇)မျိုးတွင် ပါဝင်သော တစ်ဆင့်မြင့်ပြုပြင် ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများနှင့်စပ်လျဉ်း၍ ရှင်းလင်းစွာသိရှိဆောင်ရွက်နိုင်ရန်အတွက် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းတို့အတွက် တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်နိုင်သော ထုတ်ကုန်အခြေအနေများကို ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ(၂/၂၀၂၀)ဖြင့် အသိပေးထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ အချို့သော နိုင်ငံခြားကုမ္ပဏီများသည် သတင်းလွှာ(၂/၂၀၂၀)ပါ ဖော်ပြချက်တချို့အပေါ် အခြေခံ၍ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့ကို တစ်ဆင့်မြင့်ပြုပြင် ထုတ်လုပ်ခြင်းမရှိဘဲ တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများအဖြစ် တင်ပို့လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်၍ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အတွက် တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်နိုင်သော ထုတ်ကုန်အခြေအနေနှင့်စပ်လျဉ်းသည့် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ(၂/၂၀၂၀)ကို ဤသတင်းလွှာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ကုန်သွယ်ရေးဦးစီးဌာန